နမ့်ပိန်းကျေးရွာ

နားယောင်းကျေးရွာအုပ်စု၊ တာချီလိတ်မြို့နယ်

ရှမ်းပြည်နယ်(အရှေ့ပိုင်း)

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း

(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ နမ့်ပိန်းကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ တာချီလိတ်မြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

မတ်လ၊ ၂၀၂၂

မာတိကာ

မာတိကာ

၁။ တည်နေရာနှင့် ပထဝီအနေအထား

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

(င) ပညာရေး

(စ) ကျန်းမာရေး

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ) ကျား – မ ရေးရာ

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) – ဖွံ့ဖြိုးရေးဗျူဟာ ဇယား

နောက်ဆက်တွဲ (၂) – ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

၁။ တည်နေရာနှင့် ပထဝီအနေအထား

နမ့်ပိန်းကျေးရွာသည် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ၊ တာချီလိတ်ခရိုင်၊ တာချီလိတ်မြို့နယ် နားယောင်းကျေးရွာအုပ်စု၊ တာချီလိတ်မြို့နယ်အရှေ့တောင်ဘက်၊ တာလေမြို့နယ်အနီးတွင်တည်ရှိသည်။ကျေးရွာသည် မြေပြန့်တွင်တည်ရှိပြီး မိုးတွင်းကာလရေကြီးချိန်တွင် ရေချောင်းဘေးရှိ လယ်ကွင်းများ ရေလွှမ်းမိုးမှုအနည်းငယ်ခံရတတ်သည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

နှစ်စဉ် မိုးရေချိန်လက်မ(၈၀)ခန့် ရရှိသည်။ သဘာဝပေါက်ပင်များမှာ ဝါး၊ ငှက်ပျော၊ ညောင်ပင်စသော အပင်များပေါက်ရောက်သည်။ မိုးစပါးသီးနှံ စိုက်ပျိုးနိုင်သော လယ် နှင့်တောင်ယာမြေ (၃၆၆)ဧက၊ ပြောင်းဖူးနှင့်မြေပဲကိုလည်း လယ်နှင့်တောင်ယာအချို့တွင်စိုက်ပျိုးပြီး ဆောင်းသီးနှံ စိုက်ပျိုးနိုင်သော ဥယျာဉ်မြေ(၁၅၀)ဧက ရှိသည်။ စိုက်ပျိုးရေအဖြစ် ချောင်းရေကိုသာအဓိက အသုံးပြုသည်။ တစ်နှစ်ပတ်လုံးရေရရှိသဖြင့် စိုက်ပျိုးရေသည်လုံလောက်မှုရှိပါသည်။

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်း၊ အများနှင့်ဆိုင်သော သာရေးနာရေးလုပ်ငန်း ကိစ္စများတွင် ပိုင်းဝန်ဆောင်ရွက်ကြပါသည်။ အမျိုးသမီး/သားလူငယ်အဖွဲ့၊ ပညာရေးအကျိုးတော်ဆောင်အဖွဲ့၊ ဘာသာရေးကော်မတီအဖွဲ့တို့ဖြစ်သည်။ ကျေးရွာအတွင်းရှိ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့တို့သည် ကျေးရွာ၏ ကျန်းမာရေး၊ဘာသာရေးလိုအပ်ချက်များအား ကူညီထောက်ပံ့ပေးလျက်ရှိပါသည်။ ကျေးရွာတွင် သာရေးနာရေးလူမှုရေးကိစ္စကြီး ငယ်ပေါ်ပေါက်လျင် ရွာသားများစည်းလုံးညီညွတ်စွာ ပိုင်းဝန်း ဆောင်ရွက်သော အလေ့အကျင့်ကောင်းများ ရှိပါသည်။ သို့ဖြစ်သောကြောင့် နမ့်ပိန်းကျေးရွာသည် ကျေးရွာ၏လိုအပ်သောအရေးကိစ္စများတွင် ရွာသူ/သား တို့၏ ပူးပေါင်းပါဝင်မှုကြောင့် ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုကောင်းမွန်သော ကျေးရွာတစ်ရွာဖြစ်ပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

ကျေးရွာ၏အဓိက ဝင်ငွေရလုပ်ငန်းမှာစိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ မိုးရာသီတွင် နှစ်စဉ် မိုးစပါးစိုက်ပျိုးနိုင်ကြသည်။ ကျေးရွာ၏ အဓိကစိုက်ပျိုးသီးနှံသည် မိုးစပါး၊ မြေပဲနှင့်ပြောင်းဖူးနှင့် အခြားဟင်းသီးဟင်းရွက်တို့ဖြစ်သည်။ ကျေးရွာတွင် မိုးစပါး စိုက်ပျိုးမြေ(၁၆)ဧက၊ ဥယျာဉ်ခြံစိုက်ပျိုးနိုင်သောမြေ(၅)ဧကရှိပြီး၊ မိုးစပါးစိုက်ပျိုးပြီး လယ်ကွက်နှင့်တောင်ယာများပေါ်တွင်

မြေပဲနှင့်ပြောင်းဖူးကိုလည်း သီးထပ်အဖြစ် စိုက်ပျိုးကြသည်။ နှစ်စဉ် ကျေးရွာမှ မိုးစပါး တင်းရေ (၃၀၀၀၀)ကျော်၊ မြေပဲတင်းရေ(၁၂၀၀)ကျော်နှင့် ပြောင်းဖူးတင်းရေ (၉၈၀)ကျော်ခန့် ထွက်ရှိသည်။ ချောင်းရေကိုအသုံးပြု၍ ရူလိုင်၊ ဩဂုတ်လများတွင် စတင်စိုက်ပျိုးလေ့ရှိပြီး နိုဝင်ဘာလတွင် ရိတ်သိမ်းကြသည်။ မိုးစပါးအထွက်နှုန်းမှာ တစ်ဧကပျမ်းမျှ (၆၀)တင်း ဖြစ်သည်။

နမ့်ပိန်းကျေးရွာသည် လယ်ယာလုပ်ငန်းအပြင် မွေးမြူရေးလုပ်ငန်းနှင့် ပန်းရံလုပ်ငန်းများကိုလည်း အနည်းငယ်လုပ်ကိုင်ကြသည်။ အများစုမှာ မိရိုးဖလာအရ ကိုယ်ပိုင် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ကြပြီး မြေယာမဲ့များမှာ နေ့စားအငှားလိုက် ကြပါသည်။ နေ့စားလုပ်အားခမှာ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများထက် ပန်းရံလုပ်ငန်းတွင် ပိုမိုရရှိ ပါသည်။

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

ကျေးရွာတွင် ကျေးရွာသူ/သားများအားလုံး သန့်ရှင်းသော သောက်သုံးရေသုံးစွဲနိုင်ရန်အတွက် စိမ့်စမ်းရေသွယ်ယူခြင်းနှင့်တာချီလိတ်မှသောက်ရေသန့်ကိုမှာယူသောက်သုံးနေကြပါသည်။

ကျေးရွာတွင် မူလတန်းအဆင့် စာသင်ကျောင်းရှိပါသည်။ ကျောင်းဆောင်အဆောက်အဦမှာ အသင့်အတင့်ရှိသော်လည်း ကျောင်းသုံးပရိဘောဂများ မလုံလောက်ပါ။

ကျေးရွာတွင် လျှပ်စစ်မီးအတွက် တာချီလိတ်မြို့မှမဟာဓါတ်အားလိုင်းကို အိမ်ထောင်စုတိုင်းနီးပါးသွယ်ယူ အသုံးပြုနေကြပါသည်။ အသေးစားရေအားလျှပ်စစ် အသုံးပြုသောအိမ်ထောင်စုလည်း အနည်းငယ်ရှိပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

ကျေးရွာတွင် ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှုများ မရှိသေးပါ။ မိတ်ဆွေနှင့်ဆွေမျိုးအချင်းချင်း အပြန်အလှန်ကြည့်ရှုထောက်ပံ့ သောအားဖြင့် အတိုးမဲ့ ကာလတိုချေးယူသောအစီအစဉ်သာရှိပါသည်။

(င) ပညာရေး

ကျေးရွာ၏ပညာရေးဘက်တွင် အနည်းငယ်အားနည်းကြောင်း တွေ့ရှိရပါသည်။ ရွာသားအများစုသည် အခြေခံအရေး၊အဖတ်၊အတွက်တို့ကို တတ်မြောက်ကြပြီး တက္ကသိုလ်ပညာရပ်များဖြင့် ဘွဲ့ရသူများ အလွန်နည်းပါသည်။ ကျေးရွာတွင် မူလတန်းကျောင်းရှိသောကြောင့် ပညာရေးအတွက် အထောက်အပံ့ကောင်းတစ်ခုရရှိလျက်ရှိသည်။ အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှု သင်တန်းများ

လက်လှမ်းမမီသောကြောင့် လူငယ်များမှာ အသက်မွေးဝမ်းကျောင်း ပညာနိမ့်ကျဆဲ ဖြစ်ပြီး ၄င်းအတွက် ဖွံ့ဖြိုးရေးအစီအစဉ်များမရှိပါ။

(စ) ကျန်းမာရေး

ကျေးရွာသူ/သားများသည် အများအားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး ကူးစက်ရောဂါ ဖြစ်ပွားမှု မရှိသလောက်နည်းပါးသည်။ နှစ်စဉ်မိုးရာသီတွင် ကလေးသူငယ်များ သွေးလွန်တုပ်ကွေး ဖြစ်ပွားတတ်ပြီး လူငယ်၊ လူကြီးများတွင် မိုးရာသီတုပ်ကွေးရောဂါ ကူးစက်ခံရလေ့ရှိသည်။ စပါး၊ ဟင်းသီးဟင်းရွက်ပဲမျိုးစုံ စိုက်ပျိုးထွက်ရှိခြင်း၊ အလုပ်အကိုင်အထိုက်အလျောက် အဆင်ပြေခြင်း၊ မိသားစုများဝမ်းစာအတွက်နေ့စဉ်ဝင်ငွေ အသင့်အတင့်ရှိသောကြောင့် ကျေးရွာအိမ်ထောင်စုဝင်များ ကလေး သူငယ်များ အပါအဝင်ယေဘုယျအားဖြင့် အာဟာရဓာတ် ချို့တဲ့မှုမရှိကြပါ။ ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်း မရှိသေးပါ။ တာလေမြို့နှင့်နီးသဖြင့် ကျန်းမာရေးအတွက် တာလေမြို့ရှိ ဆေးပေးခန်းများတွင် သွားရောက်ကုသလျက်ရှိပါသည်။ ကလေးသူငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအတွက် ကျန်းမာရေး ကာကွယ်ဆေးတိုက်ကျွေးသော အစီအစဉ်များကို ကျန်းမာရေးဌာနမှ ကာကွယ်ဆေး ထိုးရမည့်ကာလအလိုက် လိုက်လံထိုးနှံပေးပါသည်။

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာမှလယ်မြေနှင့်တောင်ယာများသည် နှစ်စဉ်စပါးစိုက်ပျိုးခြင်း၊ သီးထပ်စိုက်ပျိုးခြင်း၊ ဓါတုဗေဒကွန်ပေါင်းမြေဩဇာများ အသုံးပြုခြင်း၊ သဘာဝသစ်ဆွေးမြေဩဇာများ နှစ်စဉ်မထည့်သွင်းနိုင်ခြင်း တို့ကြောင့်မြေဆီလွှာပျက်ယွင်းမှုများနှင့်ကြုံတွေ့နေရသည်။ ဟင်းသီးဟင်းရွက်၊မြေပဲနှင့် ပြောင်းဖူးစိုက်ခင်းများတွင် ပိုးသတ်ဆေးများ အသုံးပြုရသောကြောင့် သဘာဝပါတ်ဝန်းကျင်ကို ထိခိုက်မှုရှိပါသည်။ ပိုးသတ်ဆေးများအသုံးပြုရာတွင် ဓါတ်ကြွင်းအန္တရာယ် လျော့ပါးရေးအတွက်၊ ဘေးကင်းလုံခြုံမှုရှိရန် လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်ခြင်းတွင်အားနည်းသေးကြောင်း တွေ့ရှိရပါသည်။ မိုးရာသီ မိုးရက်ဆက်ရွာသွန်းလျင် စပါးခင်းအနည်းစု ရေနှစ်မြှပ်ခံရသောကြောင့် အချို့တောင်သူများ၏ စပါးခင်းများရေနစ်ပျက်စီး၍ နောက်တကြိမ် ပြန်လည်စိုက်ပျိုးရခြင်းများ ကြုံတွေ့ကြရသည်။

(ဇ) ကျား – မ ရေးရာ

ကျားမဆိုင်ရာအခွင့်အရေးအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသားများနှင့် တန်းတူ အမျိုးသမီးများ ပါဝင်ဆောင်ရွက်လျက်ရှိသည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသမီးများ

သည် ပေါင်းနှုတ်ခြင်း၊ကောက်စိုက်ခြင်း၊ အမျိုးသားများသည် လယ်ထွန်ခြင်း စသည့် လုပ်ငန်းများ လုပ်ကိုင်ကြသည်။ ဘာသာရေးအထိမ်းအမှတ် ရိုးရာယဉ်ကျေးမှုပွဲတော်များဖြစ်သည့် ကောက်သစ်စား ပွဲတော်၊ ခရစ္စမတ်ပွဲတော်နှင့် ရှမ်းရိုးရာနှစ်သစ်ကူးပွဲတော် များတွင် အမျိုးသမီးများသည် အမျိုးသားနှင့် အတူပူးပေါင်းဆောင်ရွက်ကြသည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသားများသည် အမျိုးသမီးများ ထက်လုပ်အားခပိုမိုရရှိကြသည်။ ဒေသတွင်းအုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုကိစ္စရပ်များတွင် အမျိုးသမီး များ၏ အခန်းကဏ္ဍနည်းပါးနေသေးကြောင်း တွေ့ရသည်။ မူလတန်းကျောင်းပညာရေးမှ တက္ကသိုလ် ပညာရေးထိ ကျားမတန်းတူအခွင့်အရေး ရှိပါသည်။

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

စဉ်	ကဏ္ဍ	ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း	ဦးစားပေးအဆင့်
၁	ကျေးလက်ရေပေးရေး	ရေပိုက်သွယ်ယူခြင်း	၁
၂	အခြေခံအဆောက်အဦ	ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း	၂
၃	နည်းပညာ	စိုက်ပျိုးရေးနည်းပညာသင်တန်း ဖွင့်လှစ်ခြင်း	၃
၄			
၅			
၆			
၇			

နောက်ဆက်တွဲ (၁)

ဖွံ့ဖြိုးရေးဗျူဟာ ဇယား

ပြဿနာ	ပြဿနာဖြစ်ရသည့်အကြောင်းရင်း ဇစ်မြစ်	ကျေးရွာဖွံ့ဖြိုးရေးအတွက်အဓိကအကူဖြစ်စေမည့်ပိုင်ဆိုင်နေသည့်.အရင်းအနှီးများ/အခြေအနေကောင်း များ	ကျေးရွာဖွံ့ဖြိုးရေးအ တွက် အဟန့်အတားများ	ဖြစ်နိုင်ဖွယ်ရာဖြေရှင်းနည်းလမ်းများ	ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း
ကဏ္ဍ – အခြေခံအဆောက်အဦ					
စိုက်ပျိုးသီးနှံများသယ်ယူပို့ဆောင်ရန် ခက်ခဲခြင်း	လမ်းများကျဉ်းမြောင်းခြင်း	ကျေးရွာသူ/ရွာသားများလုပ်အားဖြင့်ပါဝင်ဆောင်ရွက်ရန်စိတ်အားထက်သန်ခြင်း	စိုက်ပျိုးသီးနှံများအချိန်မှီသယ်ယူပို့ဆောင်နိုင်မှုမခြင်း	ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်နိုင်ခြင်း	ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း
စိုက်ပျိုးရေများမလုံလောက်ခြင်း		ကျေးရွာသူ/ရွာသားများလုပ်အားဖြင့်ပါဝင်ဆောင်ရွက်ရန်စိတ်အားထက်သန်ခြင်း	Solar Pamp တည်ဆောက်ရန်ငွေကြေးလုံလောက်မှုမရှိခြင်း	ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်နိုင်ခြင်း	Solar Pamp တည်ဆောက်ခြင်း
ကဏ္ဍ – နည်းပညာ					
	စိုက်ပျိုးရေးနည်းပညာအားနည်းခြင်း	ရွာသူ/ရွာသားများသင်တန်းတက်ရန်စိတ်အားထက်သန်ခြင်း		အသေးစားဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်နိုင်ခြင်း	ရေမြောင်းတည်ဆောက်ခြင်း